နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
**မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေ**
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၅/၉၀)

၁၃၅၂ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်
(၁၉၉၀ ပြည့်နှစ်၊ ဇွန်လိုင်လ ၂ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) နိုင်ငံတော်ဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) ဝန်ကြီးဌာနမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဂ) ဗဟိုဘဏ်ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်သည့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို ဆိုသည်။

(ဃ) အဖွဲ့ ဆိုသည်မှာ ဗဟိုဘဏ်၏ ဒါရိုက်တာအဖွဲ့ ကိုဆိုသည်။

(င) ဥက္ကဋ္ဌ ဆိုသည်မှာ ဒါရိုက်တာအဖွဲ့ ၏ ဥက္ကဋ္ဌကိုဆိုသည်။

(စ) အဖွဲ့ ဝင် ဆိုသည်မှာ ဒါရိုက်တာအဖွဲ့ ၏ အဖွဲ့ ဝင်ကို ဆိုသည်။

(ဆ) ငွေရေးကြေးရေးအဖွဲ့ အစည်းဆိုသည်မှာ ငွေချေးလုပ်ငန်းများ၊ ချေးငွေနှင့် ပြည်သူ့ ကြွေးမြီဆိုင်ရာ စာချုပ်စာတမ်းများ၊ ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အခြားခွင့်ပြုထားသည့် ငွေရေးကြေးရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် ယင်းအဖွဲ့ အစည်းက ရင်းနှီးမြှုပ်နှံမှုပြုရန် ငွေရေးကြေးရေး အရင်းအမြစ်များကို အခြားပုဂ္ဂိုလ်များထံမှ စုစည်းလျက် ငွေကြေး သို့မဟုတ် အရင်းအနှီးဈေးကွက်များတွင် ကြားဝင်ပေါင်းစပ် ဆောင်ရွက်ပေးရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အတွင်း တည်ထောင်ထားသည့် အဖွဲ့ အစည်းကို ဆိုသည်။

(ဇ) ဘဏ်ဆိုသည်မှာ အများပြည်သူထံမှ အပ်ငွေလက်ခံခြင်းနှင့် ချေးငွေထုတ်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်သော ငွေရေးကြေးရေးအဖွဲ့ အစည်းကိုဆိုသည်။

(ဈ) ငွေစက္ကူ ဆိုသည်မှာ ဗဟိုဘဏ်က ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရဖြစ်စေ၊ ယခင်ကဖြစ်စေ ထုတ်ထားသော တရားဝင်ငွေစက္ကူများကို ဆိုသည်။

(ည) ဒင်္ဂါး ဆိုသည်မှာ ဗဟိုဘဏ်က ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရဖြစ်စေ၊ ယခင်ကဖြစ်စေ ထုတ်ထားသော တရားဝင်ကျပ်ဒင်္ဂါးနှင့် တရားဝင်ငွေအကြွေကိုဆိုသည်။

(ဋ) ရွှေဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ အပေးအယူပြုလုပ်မှု၌ သတ်မှတ်အသုံးပြုသည့် စံချိန်မီ ရွှေတုံးရွှေခဲများကို ဆိုသည်။

(ဌ) လှည့်လည်သုံးစွဲငွေ ဆိုသည်မှာ ဗဟိုဘဏ်လက်ဝယ်ရှိ ငွေစက္ကူနှင့် ဒင်္ဂါးများမှအပ လှည့်လည်သုံးစွဲလျက်ရှိသည့် သုံးစွဲငွေကို ဆိုသည်။

(ဍ) နှစ်ဆိုသည်မှာ နိုင်ငံတော်၏ ဘဏ္ဍာရေးနှစ်ကိုဆိုသည်။

(ဎ) ပုဂ္ဂိုလ် ဟူသော စကားရပ်တွင် ဥပဒေအရ ဖွဲ့ စည်းထားသည့်ဖြစ်စေ၊ မဖွဲ့ စည်းထားသည်ဖြစ်စေ ကော်ပိုရေးရှင်း၊ တရားဝင်တည်ထောင်ထားသော အဖွဲ့ ၊ အဖွဲ့ အစည်း၊ သမဝါယမအသင်း၊ အစုစပ်လုပ်ငန်းနှင့် အခြားအဖွဲ့ တခုခု၊ အစည်းအရုံး၊ အသင်းအဖွဲ့ သို့မဟုတ် လူတစုနှင့် လူတဦးဦးတို့ပါဝင်သည်။

(ဏ) နိုင်ငံခြားသုံးငွေ ဟူသော စကားရပ်တွင် အောက်ပါတို့ပါဝင်သည် –

(၁) နိုင်ငံခြားသုံး ငွေစက္ကူနှင့် ဒင်္ဂါးများ၊

(၂) နိုင်ငံတကာအစိုးရငွေရေးကြေးရေးအဖွဲ့ အစည်းများ၊ နိုင်ငံခြားရှိ ဗဟိုဘဏ်များ၊ ငွေတိုက်များနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များတွင်ထားရှိသော အပ်ငွေများ၊
(၃) နိုင်ငံခြားအစိုးရများ၊ နိုင်ငံခြားငွေရေးကြေးရေးအဖွဲ့ အစည်းများနှင့် နိုင်ငံတကာအစိုးရငွေရေးကြေးရေး အဖွဲ့ အစည်းများမှ ထုတ်ဝေထားသည့် သို့မဟုတ် အာမခံထားသည့် နိုင်ငံခြားငွေဖြင့် ဖော်ပြထားသော ငွေချေးသက်သေခံလက်မှတ်များနှင့် စာချုပ်စာတမ်းများ၊
(၄) တနိုင်ငံမှ တနိုင်ငံသို့ ငွေများလွှဲပြောင်းရာတွင် အသုံးပြုသည့် စာချုပ်စာတမ်းများ။

## အခန်း (၂)
## တည်ထောင်ခြင်းနှင့် ရည်မှန်းချက်

၃။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို ကိုယ်ပိုင်အမည်ဖြင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲခံနိုင်ခွင့်ရှိသော တရားဝင်အဖွဲ့ အစည်းအဖြစ် ဤဥပဒေဖြင့် တည်ထောင်သည်။
၄။ ဗဟိုဘဏ်၏ ရုံးချုပ်ကို ရန်ကုန်မြို့ တွင် ထားရှိရမည်။ ဗဟိုဘဏ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ဘဏ်ခွဲများနှင့် ကိုယ်စားလှယ်ရုံးခွဲများ ဖွင့်လှစ်နိုင်သည်။
၅။ ဗဟိုဘဏ်၏ အဓိကရည်မှန်းချက်မှာ ပြည်တွင်းပြည်ပတွင် မြန်မာ့ကျပ်ငွေ တန်ဖိုး ခိုင်ခံ့တည်မြဲစေရန် ဖြစ်ရမည်။
၆။ ဗဟိုဘဏ်သည် မိမိ၏ အဓိကရည်မှန်းချက်နှင့်အညီ အောက်ပါရည်ရွယ်ချက်များကိုလည်း ကြိုးပမ်းဆောင်ရွက်ရမည် –
(က) ထိရောက်သော ငွေပေးချေမှုစနစ်များ၊ ငွေကြေးလွှယ်ကူမှု၊ ကြွေးမြီပေးဆပ်နိုင်မှု၊ အခြေခိုင်သော ငွေရေးကြေးရေးစနစ်၏ နည်းလမ်းတကျဆောင်ရွက်မှုတို့ကို တိုးတက်ကောင်းမွန်အောင် ဖော်ဆောင်ရန်၊
(ခ) အစီအစဉ်တကျ ဟန်ချက်ညီညီနှင့် ရှင်သန်သော စီးပွားရေးဖွံ့ ဖြိုးမှုကို ဖြစ်ထွန်းစေမည့် ငွေကြေး၊ ချေးငွေနှင့် ငွေရေးကြေးရေး အခြေအနေကို အားပေးဖော်ဆောင်ရန်။

၇။ ဗဟိုဘဏ်သည် မိမိ၏အဓိကရည်မှန်းချက်နှင့်အညီ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် ကြိုးပမ်းဖော်ဆောင်ရာတွင် ယေဘုယျအားဖြင့် ဗဟိုဘဏ်တခုအား အပ်နှင်းလေ့ရှိသည့် လုပ်ပိုင်ခွင့်အားလုံးကို ရရှိ၍ ယင်းလုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

## အခန်း (၃)
## ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၈။ ဗဟိုဘဏ်၏ လုပ်ငန်တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –
(က) ငွေစက္ကူများ သို့မဟုတ် ဒင်္ဂါးများဖြစ်သော ပြည်တွင်းသုံးစွဲငွေကို တဦးတည်းထုတ်ဝေသူအဖြစ် ဆောင်ရွက်ခြင်း။
(ခ) အစိုးရ၏ ငွေစာရင်းကို ထိန်းသိမ်းပေးခြင်းဖြင့် အစိုးရ၏ ဘဏ်အဖြစ် ဆောင်ရွက်ခြင်း၊
(ဂ) စီးပွားရေး ဖွံ့ ဖြိုးမှုဆိုင်ရာ မူဝါဒနှင့် စီမံကိန်းများ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းတို့အပါအဝင် အစိုးရက လိုအပ်သည့် စီးပွားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ အစိုးရ၏ အကြံပေးအဖြစ် ဆောင်ရွက်ခြင်း၊
(ဃ) အစိုးရငွေချေး သက်သေခံလက်မှတ်များ ထုတ်ဝေခြင်းအတွက် အစိုးရ၏ အကြံပေးနှင့် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊
(င) မိမိ၏ အဓိကရည်မှန်းချက်နှင့်အညီ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန်အလို့ငှာ ငွေကြေးမူဝါဒကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊
(စ) ငွေရေးကြေးရေးစနစ်ကို ခိုင်မာစိတ်ချစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်နှင့် ဖွံ့ ဖြိုးမှု ပိုမိုကောင်းမွန်စေရန်အလို့ငှာ ငွေရေးကြေးရေး အဖွဲ့ အစည်းများကို ကြီးကြပ်စစ်ဆေးခြင်းနှင့် ကြပ်မတ်ကွပ်ကဲခြင်း၊

(ဆ) ငွေရေးကြေးရေးအဖွဲ့ အစည်းများ၊ နိုင်ငံခြားအစိုးရများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့ အစည်းများ၏ ဘဏ်အဖြစ် ဆောင်ရွက်ပေးခြင်း၊
(ဇ) နိုင်ငံတော်၏ နိုင်ငံခြားငွေလဲလှယ်နှုန်း မူဝါဒကို အကောင်အထည်ဖော်ခြင်းနှင့် အစိုးရ၏ ကိုယ်စားလှယ်အဖြစ် နိုင်ငံခြားသုံးငွေ အပေးအယူ ပြုလုပ်မှုများ ထိန်းချုပ်ခြင်း။
(ဈ) နိုင်ငံတော်၏ နိုင်ငံခြားသုံး သီးသန့်ငွေကို စီမံခန့်ခွဲခြင်းနှင့် ပြည်တွင်းနေထိုင်သူများ၏ အပြည်ပြည်ဆိုင်ရာ အပေးအယူပြုလုပ်မှုများကို ပုံမှန်ပေးချေခွင့်ပြုနိုင်မည်ဖြစ်သော တည်ငြိမ်၍ ကောင်းမွန်သည့် နိုင်ငံခြားငွေပေးငွေယူစာရင်း အခြေအနေ တရပ် ရရှိစေရန် လိုအပ်သော နည်းလမ်းများကို တာဝန်ယူဆောင်ရွက်ခြင်း။
(ည) ဘဏ်လုပ်ငန်း၊ ချေးငွေနှင့် ငွေကြေးနယ်ပယ်၌ နိုင်ငံတကာ အစိုးရအဖွဲ့ အစည်းများတွင် နိုင်ငံတော်၏ ပါဝင်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသော အပေးအယူပြုလုပ်မှုများကို ဆောင်ရွက်ခြင်းနှင့် တာဝန်ဝတ္တရားအားလုံးကို အစိုးရအမည်ဖြင့် တာဝန်ခံ ဆောင်ရွက်ခြင်း၊ အစိုးရကိုယ်စား အဆိုပါ အဖွဲ့ အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း။

၉။ ဗဟိုဘဏ်သည် အောက်ပါလုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်ခွင့်ရှိသည်။
(က) မိမိအတွက် မိမိအမည်ဖြင့် ငွေချေး သက်သေခံလက်မှတ်များ ထုတ်ဝေခြင်း နှင့် ယင်းငွေချေး သက်သေခံလက်မှတ်များကို အများပြည်သူထံမှ ဝယ်ယူခြင်း၊ အများပြည်သူထံသို့ ရောင်းချခြင်း၊ အများပြည်သူနှင့် ရောင်းဝယ်ဖောက်ကားခြင်း၊
(ခ) ငွေလွှဲလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခြင်း၊
(ဂ) ငွေချေးသက်သေခံ လက်မှတ်များကို ထိန်းသိမ်းပေးခြင်းနှင့် ယင်းတို့အပေါ် ရရန်ရှိသည့် အတိုးငွေများ သို့မဟုတ် အမြတ်ဝေစုများကို ကောက်ခံပေးခြင်း၊
(ဃ) မိမိရရန်ရှိသော ကြွေးမြီအတွက် လက်ခံရရှိသည့် ရွှေ့ ပြောင်းနိုင်သော ပစ္စည်းကိုဖြစ်စေ၊ မရွှေ့ ပြောင်းနိုင်သော ပစ္စည်းကိုဖြစ်စေ ရောင်းချ၍ တန်ဖိုးကို ရယူခြင်း၊
(င) မိမိသင့်လျော်သည်ဟု ယူဆသော စည်းကမ်းချက်များအရ ပြည်တွင်း၌ ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ မည်သည့် သုံးစွဲငွေ အမျိုးအစားဖြင့်မဆို ငွေချေးယူခွင့်များ ဖန်တီးပေးခြင်းနှင့် အာမခံများ ထုတ်ပေးခြင်း၊
(စ) ဤဥပဒေအရ တရားစွဲဆိုရန် ခွင့်ပြုမိန့်တောင်းခံလာသည့် ကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း။

၁၀။ ဗဟိုဘဏ်သည် မိမိ၏ လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည်ဟု ယူဆသော လုပ်ငန်း ဥပစာများနှင့် လုပ်ငန်းသုံးပစ္စည်းတို့ကို ဥပဒေနှင့်အညီ ရယူခြင်း၊ ငှားရမ်းခြင်း၊ ပြုပြင်ထားရှိခြင်း သို့မဟုတ် ရောင်းချခြင်းတို့ကို ပြုလုပ်နိုင်သည်။

၁၁။ ဗဟိုဘဏ်သည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ဆောင်ရွက်ခြင်းကြောင့် ပေါ်ပေါက်လာသော သို့မဟုတ် အကြောင်းသင့် ဆက်စပ်ဖြစ်ပေါ်လာသော လုပ်ငန်းများကိုလည်း တာဝန်ယူဆောင်ရွက်ရမည်။

၁၂။ ဗဟိုဘဏ်သည် မိမိရရန်ရှိသည့် ကြွေးမြီများအတွက် မြီစားထံမှရရှိသော မည်သည့်အကျိုးတူခံစား ခွင့်ကိုမဆို ဖြစ်နိုင်သမျှ ဆောလျင်စွာ ထုခွဲရောင်းချရမည်။

၁၃။ ဗဟိုဘဏ်သည် အောက်ပါတို့ကို မပြုလုပ်ရ –
(က) ဤဥပဒေအရ ဗဟိုဘဏ်၏ လုပ်ငန်းများနှင့် မကိုက်ညီသည့် အမြတ်ရရှိရေးကိုသာ ဦးတည်ဆောင်ရွက်သော ကုမ္ပဏီများ သို့မဟုတ် လုပ်ငန်းများ သို့မဟုတ် ဆောင်ရွက်မှုများကို ဖွဲ့ စည်းလုပ်ကိုင်ခြင်း၊ ယင်းတို့တွင် အစုရှယ်ယာထည့်ဝင်ခြင်း၊
(ခ) ဤဥပဒေဖြင့် ခွင့်ပြုထားခြင်းများမှတပါး ချေးငွေအမျိုးမျိုးထုတ်ပေးခြင်း၊
(ဂ) အစိုးရ၏ ခွင့်ပြုချက်မှတပါး အဖွဲ့ ဝင်များအပါအဝင် ဗဟိုဘဏ်၏ ဝန်ထမ်းများကို ချေးငွေထုတ်ပေးခြင်း။

# အခန်း (၄)
# မတည်ငွေရင်းနှင့် အမြတ်ခွဲဝေမှု

၁၄။ နိုင်ငံတော်သည် ဗဟိုဘဏ်၏ တဦးတည်းသော အစုရှယ်ယာပိုင်ရှင်ဖြစ်ရမည်။ ဗဟိုဘဏ်၏ ခွင့်ပြုမတည်ငွေရင်းသည် ကျပ်သန်းပေါင်း ငါးရာဖြစ်သည်။ ယင်းအနက် ငွေကျပ်သန်းပေါင်း နှစ်ရာကို နိုင်ငံတော်က ထည့်ဝင်ပြီးဖြစ်ရမည်။ ကျန်ရှိသော ခွင့်ပြုမတည်ငွေရင်းကို နိုင်ငံတော်က လိုအပ်သလို ထည့်ဝင်နိုင်သည်။

၁၅။ ဗဟိုဘဏ်၏ ခွင့်ပြုမတည်ငွေရင်းနှင့် ထည့်ဝင်ပြီး မတည်ငွေရင်းတို့ကို အစိုးရ၏ ခွင့်ပြုချက်ဖြင့် တိုးမြှင့်နိုင်သည်။ မတည်ငွေရင်းများကို လျှော့ချခြင်းမပြုရ။

၁၆။ ဗဟိုဘဏ်၏ ရရန်ပိုင်ခွင့်များ တန်ဖိုးသည် ပေးရန်တာဝန်များ တန်ဖိုးနှင့် ထည့်ဝင်ပြီး မတည်ငွေရင်း နှစ်ရပ်ပေါင်းထက် လျော့နည်းသည့်အခါ ဗဟိုဘဏ်က အဆိုပြု၍ အစိုးရက ခွင့်ပြုသည့်အတိုင်း ၎င်းအခြေအနေကို ကုစားရန် လိုအပ်သော ငွေပမာဏအလိုက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးသည် အစိုးရငွေချေးသက်သေခံလက်မှတ်များကို ဗဟိုဘဏ်သို့ လွှဲပြောင်းပေးရမည်။

၁၇။ ဗဟိုဘဏ်၏ နှစ်အလိုက် အသားတင်အမြတ်ငွေတွက်ချက်ရာတွင် နှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အသုံးစရိတ်များကို ထုတ်နုတ်ပြီးနောက် ရလမ်းမရှိသောနှင့် ရရန်မသေချာသော ကြွေးမြီများ၊ ရရန်ပိုင်ခွင့်များ အတွက် တန်ဖိုးလျှော့ခြင်း၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးနှင့် အငြိမ်းစားရန်ပုံငွေများအတွက် လျာထားပြီး တွက်ချက်ရမည်။ ဗဟိုဘဏ်သည် လိုအပ်သည်ဟုယူဆသော အခြားကိစ္စရပ်များအတွက် လျာထားချက်များကို အစိုးရ၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်နိုင်သည်။

၁၈။ ဗဟိုဘဏ်သည် နိုင်ငံတော်၏ ကနဦးထည့်ဝင်ငွေ ကျပ်သန်းပေါင်း ငါးဆယ်ဖြင့် အထွေထွေသီးသန့်ငွေကို တည်ထောင်ရမည်။ နှစ်စဉ် နှစ်ကုန်ဆုံးသည့်အခါ အသားတင်အမြတ်ငွေ၏ နှစ်ဆယ့်ငါး ရာခိုင်နှုန်းနှင့် ညီမျှသော ငွေပမာဏကို ကျပ်သန်း ဂဏန်းအလီလီဖြင့် ဗဟိုဘဏ်၏ ထည့်ဝင်ပြီး မတည်ငွေရင်း၏ ၁၀၀ ရာခိုင်နှုန်းနှင့် ညီမျှသည်အထိ အထွေထွေ သီးသန့်ငွေသို့ ခွဲဝေပေးသွင်းရမည်။ အစိုးရ၏ ခွင့်ပြုချက်ဖြင့် အထွေထွေသီးသန့်ငွေသို့ လွှဲပြောင်းသော ငွေပမာဏကို နှစ်စဉ် သတ်မှတ်ရာခိုင်နှုန်းထက် ကျော်လွန်၍ တိုးမြှင့်နိုင်သည် သို့မဟုတ် အထွေထွေသီးသန့်ငွေ၏ စုစုပေါင်းငွေကို ဗဟိုဘဏ်၏ ထည့်ဝင်ပြီး မတည်ငွေရင်းထက်ကျော်လွန်၍ တိုးမြှင့်နိုင်သည်။

၁၉။ ပုဒ်မ ၁၈ အရ အထွေထွေသီးသန့်ငွေသို့ လွှဲပြောင်းပေးသွင်းပြီးနောက် အသားတင်အမြတ်ငွေမှ ကျန်ရှိငွေကို ပုဒ်မ ၁၆ အရ ထုတ်ပေးထားပြီး ဗဟိုဘဏ်က ကိုင်ဆောင်ထားသော အစိုးရငွေချေးသက်သေခံ လက်မှတ်များကို ရွေးယူရန် အသုံးပြုရမည်။

၂၀။ ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ တို့အရ ခုနှိမ်မှုအားလုံး ပြုလုပ်ပြီးနောက် ကျန်ရှိသော အသားတင်အမြတ် လက်ကျန်ငွေကို ကျပ်သန်းဂဏန်းအလီလီဖြင့် နှစ်ကုန်ဆုံးပြီးနောက် အစိုးရသို့ ဆောလျှင်စွာ ပေးအပ်ရမည်။

၂၁။ ခုနှိမ်မှု သို့မဟုတ် ပေးချေမှု စသည်များ ပြုလုပ်ခြင်းအားဖြင့် ဗဟိုဘဏ်၏ ရရန်ပိုင်ခွင့်သည် ပေးရန်တာဝန်များနှင့် ပေးသွင်းပြီး မတည်ငွေရင်း နှစ်ရပ်ပေါင်းထက် လျော့နည်းလိမ့်မည်ဟု ဗဟိုဘဏ်က ယူဆပါက ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ တို့ဖြင့် ခွင့်ပြုထားသော ခုနှိမ်မှုကိုသော်လည်းကောင်း၊ ပုဒ်မ ၂၀ အရ ပေးချေမှုတစုံတရာကိုသော်လည်းကောင်း မပြုလုပ်ရ။

၂၂။ ဝင်ငွေအပေါ် ကောက်ခံသည့် အခွန်များ၊ တံဆိပ်ခေါင်းခွန်များ သို့မဟုတ် အလားတူအခွန်များနှင့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများအပေါ် အခွန်စည်းကြပ်မှုများမှ ဗဟိုဘဏ်သည် ကင်းလွတ်ခွင့်ရရှိစေရမည်။

၂၃။ (က) ဗဟိုဘဏ်၏ စာရင်းများကို စာရင်းစစ်ချုပ်က စစ်ဆေးရမည်။
(ခ) ဗဟိုဘဏ်သည် နှစ်စဉ် နှစ်ကုန်ဆုံးတိုင်း နှစ်ချုပ်ငွေစာရင်းရှင်းတမ်းများကို ရေးဆွဲရမည်။ ဗဟိုဘဏ်သည် စာရင်းစစ်ချုပ်က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးသည့် အရှုံးအမြတ်စရင်းနှင့် လက်ကျန်ရှင်းတမ်းတို့နှင့်အတူ နှစ်ချုပ်အစီရင်ခံစာကို ဝန်ကြီးဌာနမှတဆင့် အစိုးရထံ နှစ်ကုန်ဆုံးပြီးနောက် ၆ လအတွင်းတင်ပြရမည်။
(ဂ) ပုဒ်မခွဲ (ခ) အရ တင်ပြပြီးနောက် ဗဟိုဘဏ်သည် နှစ်ချုပ်အစီရင်ခံစာကို အများသိရှိစေရန် ဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းအတိုင်း ထုတ်ပြန်ကြေညာရမည်။

## အခန်း (၅)
## ဖွဲ့ စည်းပုံနှင့် စီမံခန့်ခွဲခြင်း

၂၄။ ဗဟိုဘဏ်ကို ဒါရိုက်တာအဖွဲ့ ဖြင့် စီမံခန့်ခွဲရမည်။

၂၅။ (က) ဗဟိုဘဏ်၏ ဒါရိုကတာအဖွဲ့ ဝင်များကို အစိုးရက ခန့်အပ်ရမည်။ အဆိုပါအဖွဲ့ ကို အဖွဲ့ ဝင် ခုနှစ်ဦးဖြင့် ဖွဲ့ စည်းရမည်။
(ခ) အဖွဲ့ တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ရမည် –
(၁) အစိုးရက ခန့်အပ်သော ဥက္ကဋ္ဌ ဒုတိယ ဥက္ကဋ္ဌနှင့် အဖွဲ့ ဝင်လေးဦး၊
(၂) ဝန်ကြီးဌာနက ရာထူးအလျောက်ခန့်အပ်သော ဒါရိုက်တာတဦး၊
(ဂ) ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌတို့၏ သက်တမ်းသည် ၅ နှစ်ဖြစ်ရမည်။ ကျန်အဖွဲ့ ဝင်များ၊ သက်တမ်းသည် ၄ နှစ်ဖြစ်ရမည်။ အဆိုပါ ပုဂ္ဂိုလ်များအား သက်တမ်းတခုထက်ပို၍ ပြန်လည်ခန့်ထားနိုင်ခွင့်ရှိသည်။
(ဃ) ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌ တို့သည် ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်များကို အချိန်ပြည့် ထမ်းဆောင်ရမည့်အပြင် အခကြေးငွေရရှိသော အခြားမည်သည့် လုပ်ငန်းကိုမျှ ဆောင်ရွက်ခြင်းမပြုရ။
(င) အဖွဲ့ သည် ဗဟိုဘဏ်၏ အရာရှိတဦးအား အဖွဲ့ ၏ အတွင်းရေးမှူ းအဖြစ် တာဝန်ပေးအပ်ရမည်။

၂၆။ ဥက္ကဋ္ဌသည် ဗဟိုဘဏ်၏ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်၍ ဗဟိုဘဏ်၏ နေ့စဉ်လုပ်ငန်းများကို စီမံခန့်ခွဲခြင်းနှင့် မူဝါဒအကောင်အထည်ဖော်ခြင်းတို့ကို အဖွဲ့ အား တာဝန်ခံပြီး ဆောင်ရွက်ရမည်။

၂၇။ ဥက္ကဋ္ဌသည် ဗဟိုဘဏ်ကိုယ်စား အရေးယူဆောင်ရွက်ရန်၊ သဘောတူစာချုပ်များ ချုပ်ဆိုရန်၊ စာချုပ်စာတမ်းများနှင့် စာချွန်လွှာများကို လက်မှတ်ရေးထိုးရန် လုပ်ပိုင်ခွင့်များ ရှိစေရမည်။ ဥက္ကဋ္ဌသည် အဆိုပါ လုပ်ပိုင်ခွင့်များကို အဖွဲ့ က ဆုံးဖြတ်သည့်အတိုင်း ဗဟိုဘဏ်၏ အရာရှိများအား လွှဲအပ်နိုင်သည်။

၂၈။ ကနဦး ဒါရိုက်တာအဖွဲ့ တွင် အစိုးရက ခန့်ထားသော အဖွဲ့ ဝင်ဦးရေထက်ဝက်ကို အစိုးရ၏ ဆုံးဖြတ်ချက်ဖြင့် ၂ နှစ်ပြည့်သည့်အခါ အစားထိုးခန့်ထားခြင်း သို့မဟုတ် ပြန်လည်ခန့်ထားခြင်း ပြုရမည်။

၂၉။ အောက်ပါ ပုဂ္ဂိုလ်တို့ကို အဖွဲ့ ဝင်အဖြစ်ခန့်ထားခြင်း မပြုရ –
(က) ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်၊
(ခ) အစိုးရနှင့် အစိုးရ၏ လက်အောက်ခံအဖွဲ့ အစည်းမှ လခစားဝန်ထမ်း၊
(ဂ) နိုင်ငံသား မဟုတ်သူ
(ဃ) အဖွဲ့ ဝင်တဦး၏ ဇနီး၊ ခင်ပွန်း၊ မိဘ၊ သားသမီး၊ ညီအစ်ကိုမောင်နှမအရင်း၊
(င) အဖွဲ့ ဝင်တဦးသည် ကုမ္ပဏီ သို့မဟုတ် အစုစပ်လုပ်ငန်းတွင် အရာရှိအဖြစ်သော်လည်းကောင်း၊ ဒါရိုက်တာအဖြစ်သော်လည်းကောင်း၊ အဓိက အစုရှယ်ယာပိုင်ရှင် သို့မဟုတ် အစုစပ်ဝင်အဖြစ်သော်

လည်းကောင်း ပါဝင်လျှင် ယင်းကုမ္ပဏီ သို့မဟုတ် အစုစပ်လုပ်ငန်း၏ ဒါရိုက်တာများ၊ အဓိက အစုရှယ်ယာပိုင်ရှင်များ၊ အစုစပ်ဝင်များ၊

(စ) ဘဏ်တခု သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့ အစည်းတခု၏ ဝန်ထမ်းများ သို့မဟုတ် အဓိက အစုရှယ်ယာပိုင်ရှင်များ၊

သို့ရာတွင် အစိုးရသည် ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ ပြဋ္ဌာန်းချက်များတွင် ပါရှိသည့် မည်သူကိုမဆို ထူးခြားသော အကြောင်းရှိလျှင် ကင်းလွတ်ခွင့် ပေးနိုင်သည်။

ရှင်းလင်းချက်

ဤပုဒ်မပါ အဓိက အစုရှယ်ယာပိုင်ရှင်ဆိုသည်မှာ ကုမ္ပဏီ၊ အစုစပ်လုပ်ငန်း သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့ အစည်းတခုတွင် ၁၀ ရာခိုင်နှုန်းထက်ပိုသော အကျိုးခံစားခွင့်ပိုင်ဆိုင်သူကို ဆိုသည်။

၃၀။ အဖွဲ့ ဝင်တဦးသည် –

(က) ပုဒ်မ ၂၉ တွင် ဖော်ပြထားသော ကန့်သတ်ချက်များနှင့် ငြိစွန်းလျှင်သော်လည်းကောင်း၊

(ခ) ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ပြစ်မှုတရပ်ရပ်ဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်သော်လည်းကောင်း၊

(ဂ) အစိုးရထံ နုတ်ထွက်လွှာတင်၍ ခွင့်ပြုချက်ရရှိလျှင်သော်လည်းကောင်း၊

(ဃ) မိမိ၏ တာဝန်ဝတ္တရားများကို စွမ်းဆောင်နိုင်ခြင်းမရှိကြောင်း သက်ဆိုင်ရာ အာဏာပိုင်၏ ဆုံးဖြတ်ခြင်းခံရလျှင်သော်လည်းကောင်း၊

(င) အဖွဲ့ ၏ ခွင့်ပြုချက်မရရှိဘဲ အဖွဲ့ ၏ အစည်းအဝေးတက်ရောက်ရန် တဆက်တည်း သုံးလပျက်ကွက်လျှင်သော်လည်းကောင်း

အဖွဲ့ ဝင်အဖြစ်မှ ရပ်စဲပြီးဖြစ်စေရမည်။

၃၁။ နုတ်ထွက်သွားသော သို့မဟုတ် ရာထူးမှ ရပ်စဲခြင်းခံရသော သို့မဟုတ် သေဆုံးသွားသော အဖွဲ့ ဝင်၏ ကျန်ရာထူးသက်တမ်းအတွက် သင့်လျော်သူတဦးဦးကို အစိုးရက ဖြည့်စွက်ခန့်ထားရမည်။ ယင်းသို့ ဖြည့်စွက်ခန့်ထားခြင်းကို လစ်လပ်မှုပေါ်ပေါက်သည့်နေ့မှ ၆ လအတွင်း ပြုလုပ်ရမည်။

၃၂။ အဖွဲ့ သည် ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ကော်မတီများကို ဖွဲ့ စည်းနိုင်သည်။ ထိုသို့ ဖွဲ့ စည်းရာတွင် ယင်းကော်မတီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သင့်လျော်သလို သတ်မှတ်ပေးရမည်။

၃၃။ (က) အဖွဲ့ ၏ အစည်းအဝေးကို တလလျှင် အနည်းဆုံးတကြိမ်ပြုလုပ်ရမည်။ သို့ရာတွင် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ ဝင်အများစု၏ ဆန္ဒဖြင့် မည်သည့်အချိန်မဆို အစည်းအဝေးကို ပြုလုပ်နိုင်သည်။

(ခ) ခန့်ထားပြီး အဖွဲ့ ဝင်ဦးရေ ထက်ဝက် သို့မဟုတ် ထက်ဝက်ထက်ပို၍ တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

(ဂ) ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ မရှိသည့်အခါတွင် ဒုတိယ ဥက္ကဋ္ဌ သည်လည်းကောင်း၊ ယင်းတို့ နှစ်ဦးစလုံးမရှိသည့်အခါတွင် အဖွဲ့ ဝင်များက တင်မြှောက်သည့် အဖွဲ့ ဝင်တဦးသည်လည်းကောင်း အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ဃ) အဖွဲ့ အစည်းအဝေးများတွင် ဆုံးဖြတ်ချက်များကို တက်ရောက်သော အဖွဲ့ ဝင်အများစု၏ ဆန္ဒမဲဖြင့် ချမှတ်ရမည်။ မဲအရေအတွက် တူညီနေလျှင် သဘာပတိ၏ အဆုံးအဖြတ်မဲဖြင့် ဆုံးဖြတ်ချက်ချမှတ်ရမည်။

၃၄။ (က) ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌတို့သည် အဖွဲ့ က အဆိုပြုပြီး အစိုးရက သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ လစာနှင့် စရိတ်များကို ခံစားခွင့်ရှိစေရမည်။ ယင်းလစာနှင့် စရိတ်များကို ဗဟိုဘဏ်မှ ကျခံရမည်။
(ခ) အဖွဲ့ ဝင်များသည် အဖွဲ့ က အဆိုပြုပြီး အစိုးရက ခွင့်ပြုသော ချီးမြှင့်ငွေများ ခံစားခွင့်ရှိစေရမည်။ ယင်းချီးမြှင့်ငွေကို ဗဟိုဘဏ်မှ ကျခံရမည်။

၃၅။ အဖွဲ့ ဝင်များသည် မိမိနှင့် မိမိ၏ မိသားစုဝင်များ၏ ငွေကြေး သို့မဟုတ် စီးပွားရေးလုပ်ငန်းနှင့်ဆိုင်သော အကျိုးခံစားခွင့်များကို အဖွဲ့ သို့ အပြည့်အစုံတင်ပြရမည်။ ယင်းအကျိုးခံစားခွင့်များနှင့် ဆက်စပ်လျက်ရှိသော ကိစ္စများကို အဖွဲ့ က အရေးယူဆောင်ရွက်ရန် လိုအပ်သည့်အခါ သက်ဆိုင်ရာ အဖွဲ့ ဝင်အနေဖြင့် ဆန္ဒမဲပေးခြင်းမှ ရှောင်ကြဉ်ရမည်။ သို့ရာတွင် ဤသို့ဆောင်ရွက်ခြင်းဖြင့် အစည်းအဝေးအထမြောက်ခြင်းသည် မပျက်ပြယ်စေရ။

၃၆။ ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌတို့သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁ အရ ပြည်သူ့ ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၃၇။ အဖွဲ့ သည် ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ ဝန်ထမ်းဖွဲ့ စည်းပုံတရပ် ရေးဆွဲထားရှိရမည်။ ယင်းဖွဲ့ စည်းပုံအတွင်း လိုအပ်သော အရာထမ်းများနှင့် အမှုထမ်းများကို ခန့်ထားရမည်။ ယင်းဝန်ထမ်းများသည် ပြည်သူ့ ဝန်ထမ်းများဖြစ်သည်။

၃၈။ အဖွဲ့ သည် ဝန်ထမ်းခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း၊ လစာနှင့် စရိတ်များ သတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်းသည့် ဗဟိုဘဏ်၏ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများကို အစိုးရ၏ ခွင့်ပြုချက်သတ်မှတ်ရမည်။

## အခန်း (၆)
## သုံးစွဲငွေထုတ်ဝေခြင်း

၃၉။ ပြည်တွင်းသုံးငွေ၏ အခြေခံယူနစ်သည် "ကျပ်" ဖြစ်ရမည်။ ငွေတကျပ်ကို အပိုင်းတရာပိုင်း၍ တပိုင်းကို တပြားဟု ခေါ်ရမည်။ ထိုသုံးငွေများအတွက် အင်္ဂလိပ်ဘာသာ သင်္ကေတများသည် "K" နှင့် "P" ဟု အသီးသီးဖြစ်ရမည်။

၄၀။ (က) ဗဟိုဘဏ်တဦးတည်းကသာလျှင် ငွေစက္ကူနှင့် ဒင်္ဂါးများ ထုတ်ပိုင်ခွင့်ရှိသည်။ ဗဟိုဘဏ်မှ ထုတ်သော ငွေစက္ကူများနှင့် ဒင်္ဂါးများသည် နိုင်ငံတော်တဝန်းလုံးတွင် တရားဝင်ငွေအဖြစ် တည်ရှိစေရမည်။
(ခ) ငွေသားပေးချေမှုပြုလုပ်ရာတွင် –
(၁) ငွေစက္ကူများဖြစ်ပါက မည်သည့် ငွေပမာဏကိုမဆို ပေးချေနိုင်သည်။
(၂) ဒင်္ဂါးများဖြစ်ပါက လက်ခံသူသည် အနည်းဆုံး ငွေစက္ကူတန်ဖိုး၏ အဆနှစ်ရာထက် ကျော်လွန်သော ငွေကို လက်ခံရန် ငြင်းပယ်နိုင်ခွင့်ရှိသည်။

၄၁။ ဥပဒေနှင့်အညီ ငွေကြေးနှင့် စပ်လျဉ်းသည့် သို့မဟုတ် ငွေကြေးဖြင့် ပေးရန်ရှိသည့် စာချုပ်စာတမ်းများ၊ အပေးအယူပြုလုပ်မှု သို့မဟုတ် ကြွေးမြီတာဝန်တခုခုတွင် နိုင်ငံခြားသုံးငွေဖြင့် ပြုလုပ်ကြောင်း အတိအလင်း သဘောတူညီချက်မရှိခဲ့လျှင် ယင်းကို နိုင်ငံတော်အတွင်းတွင် ကျပ်ငွေဖြင့်ပြုလုပ်သည်ဟု မှတ်ယူရမည်။

၄၂။ ဗဟိုဘဏ်မှတပါး မည်သူမဆို အသွင်အပြင် သဏ္ဌာန်အားဖြင့် တရားဝင်သုံးစွဲငွေကဲ့သို့ အသုံးချနိုင်သော ငွေစက္ကူများ၊ ဒင်္ဂါးများ သို့မဟုတ် တောင်းဆိုသည့်အခါ ကိုင်ဆောင်သူသို့ ပေးချေရမည်ဖြစ်သော စာချုပ်စာတမ်းတမျိုးမျိုး သို့မဟုတ် အရာဝတ္ထုများကို ထုတ်လုပ်သုံးစွဲလျှင် ဤဥပဒေအရ

ပြစ်ဒဏ်ကျခံစေနိုင်သော ပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။ လက်ဝယ်ရှိသူက တောင်းဆိုသည့်အခါ ငွေပေးချေရမည့် ချက်လက်မှတ်များနှင့် ငွေလွှဲလက်မှတ်များကို ဤပုဒ်မအလို့ငှာ ငွေစက္ကူကဲ့သို့ အသုံးချနိုင်သော စာချုပ်စာတမ်းများဟူ၍ မမှတ်ယူရ။

၄၃။ ဗဟိုဘဏ်သည် ငွေစက္ကူများပုံနှိပ်ခြင်း၊ ဒင်္ဂါးများသွန်းလောင်းခြင်း၊ ထုတ်ဝေရန်ထားရှိသည့် ငွေစက္ကူများနှင့် ဒင်္ဂါးများကို လုံခြုံစွာသိုလှောင်ထားရှိခြင်းနှင့် ငွေစက္ကူပုံနှိပ် ပလိပ်ပြားများ၊ ဒင်္ဂါးညှပ်ပုံများနှင့် ပြန်လည်ရုပ်သိမ်းထားသည့် ငွေစက္ကူများနှင့် ဒင်္ဂါးများကို လိုအပ်သလို သိုလှောင်ခြင်းနှင့် ဖျက်ဆီးခြင်းတို့ အတွက် စီစဉ်ဆောင်ရွက်ရမည်။

၄၄။ ငွေစက္ကူများနှင့် ဒင်္ဂါးများ၏ တန်ဖိုး၊ အဆင်အပြင်၊ ဖွဲ့ စည်းပါဝင်သည့် ဝတ္ထုပစ္စည်းနှင့် အခြားခွဲခြားနိုင်သည့် လက္ခဏာများသည် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဗဟိုဘဏ်က သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

၄၅။ ဗဟိုဘဏ်သည် လှည့်လည်သုံးစွဲနေသော မည်သည့်ငွေစက္ကူများ သို့မဟုတ် ဒင်္ဂါးများကိုမဆို ရုပ်သိမ်းရန် လိုအပ်ပါက အစိုးရ၏ ခွင့်ပြုချက်ဖြင့် အများပြည်သူသို့ ကြေညာချက်ထုတ်ပြန်၍ ကြိုတင်အသိပေးပြီး ယင်းငွေစက္ကူများ သို့မဟုတ် ဒင်္ဂါးများအတွက် တန်ဖိုးအလိုက် လဲလှယ်ပေး၍ ရုပ်သိမ်းနိုင်သည်။ ကြေညာချက်ပါ သတ်မှတ်ရက် ကုန်ဆုံးသည့်အခါတွင် ယင်းကြေညာချက်ဖြင့် ပြန်လည်ရုပ်သိမ်းမည့် ငွေစက္ကူများ သို့မဟုတ် ဒင်္ဂါးများသည် တရားဝင်ငွေအဖြစ်မှ ရပ်စဲပြီးဖြစ်ရမည်။ သို့ရာတွင် ဗဟိုဘဏ်က ကြေညာချက်ထုတ်ပြန်သည့်နေ့မှစ၍ ၅ နှစ်ထက်မများသော ကာလအပိုင်းအခြားကို သတ်မှတ်ပေးပြီး ယင်းအချိန်ကာလအတွင်း အဆိုပါ ငွေစက္ကူများ သို့မဟုတ် ဒင်္ဂါးများ တန်ဖိုးကို တင်ပြလဲလှယ်နိုင်ခွင့်ရှိရမည်။

၄၆။ (က) ဗဟိုဘဏ်သည် ထုတ်ဝေထားသည့် သုံးစွဲငွေလက်ဝယ်ရှိသူများက တောင်းခံပါက တန်ဖိုးအလိုက် လဲလှယ်ပေးရမည်။
(ခ) တရားဝင်သုံးစွဲလျက်ရှိသော ငွေစက္ကူနှင့် ဒင်္ဂါးများကို အခြား တန်ဖိုးအမျိုးအစားဖြစ်သော တရားဝင်ငွေစက္ကူ သို့မဟုတ် ဒင်္ဂါးများဖြင့် လဲလှယ်ရန် တောင်းဆိုသည့်အခါ ဘဏ်များသည် အခမဲ့လဲလှယ်ပေးရမည်။
(ဂ) တည်ဆဲဥပဒေတရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ပျောက်ဆုံးသော သို့မဟုတ် ခိုးရာပါသော သို့မဟုတ် ချွတ်ယွင်းသော သို့မဟုတ် ပုံသဏ္ဌာန်ပျက်သော ငွေစက္ကူနှင့် ဒင်္ဂါးတခုခု၏ တန်ဖိုးကို ဗဟိုဘဏ်ထံမှ ရပိုင်ခွင့်အဖြစ် မည်သူမျှ တောင်းဆိုခွင့်မရှိစေရ။ သို့ရာတွင် ချွတ်ယွင်းသော သို့မဟုတ် ပုံသဏ္ဌာန်ပျက်သော ငွေစက္ကူနှင့် ဒင်္ဂါးတန်ဖိုးကို လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်၍ ပြန်လည်ထုတ်ပေးနိုင်သည်။

၄၇။ ဗဟိုဘဏ်သည် လှည့်လည်သုံးစွဲငွေနှင့် ကျပ်ငွေဖြင့် တန်ဖိုးသင့်ထားသော အခြား ချက်ခြင်းပေးရန် တာဝန်များပါဝင်သည့် မိမိ၏ ငွေကြေးပေးရန် တာဝန်များသည် နှစ်စဉ်ငွေရေးကြေးရေး စီမံချက်အရဖြစ်စေရမည်။ ဗဟိုဘဏ်သည် ယင်းစီမံချက်ကို ဝန်ကြီးဌာနနှင့် ညှိနှိုင်းရေးဆွဲရမည်။ ဗဟိုဘဏ်သည် မိမိ၏ အဓိကရည်မှန်းချက်၊ ရည်ရွယ်ချက်များနှင့်အညီ နိုင်ငံခြားသုံး သီးသန့်ငွေနှင့် ဗဟိုဘဏ်က ထုတ်ချေးငွေများ၏ စီမံခန့်ခွဲမှုကို ဆက်စပ်ညှိနှိုင်းပေးရန်အလို့ငှာ ယင်းစီမံချက်ကို အဖွဲ့ က သုံးလတကြိမ် ပြန်လည်သုံးသပ်ရမည်။

## အခန်း (၇)
## အစိုးရနှင့် ဆက်ဆံရေး

၄၈။ ဗဟိုဘဏ်သည် အစိုးရ၏ အပ်ငွေများကို လက်ခံပြီး အစိုးရ၏ ကိုယ်စား ယင်းငွေစာရင်းများမှ ငွေပေးချေမှုများ ပြုလုပ်ပေးရမည်။ ဗဟိုဘဏ်သည် အဆိုပါ အပ်ငွေများလက်ခံရန်နှင့် ဗဟိုဘဏ်က

သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ယင်းငွေပေးချေမှုပြုလုပ်ရန် အခြားဘဏ်တခုကို တာဝန်လွှဲအပ်နိုင်သည်။

၄၉။ ဗဟိုဘဏ်သည် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ အစိုးရသို့ ချေးငွေအမျိုးမျိုးထုတ်ချေးနိုင်သည်။
(က) ဗဟိုဘဏ်သည် အစိုးရသို့ ယာယီချေးငွေများ ထုတ်ချေးနိုင်သည်။ ချေးငွေတမျိုးချင်းအတွက် စည်းကမ်းချက်များကို ဝန်ကြီးဌာနနှင့် ဗဟိုဘဏ်တို့သည် အခါအားလျော်စွာ ညှိနှိုင်းသတ်မှတ်ရမည်။
(ခ) ယင်းချေးငွေများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဗဟိုဘဏ်သို့ ထုတ်ပေးထားသည့် အတိုးပေးသော အစိုးရငွေချေးသက်သေခံလက်မှတ်များဖြင့် အာမခံရမည်။ အများဆုံး သက်တမ်း ၁၈၄ ရက်ရှိသော အဆိုပါငွေချေးသက်သေခံလက်မှတ်များသည် လွှဲပြောင်းနိုင်ခွင့်ရှိသော လက်မှတ်များဖြစ်ရမည်။
(ဂ) မည်သည့်နှစ်အတွင်းမဆို ထုတ်ချေးထားသော ချေးငွေစုစုပေါင်းသည် အစိုးရ၏ ယမန်နှစ်အတွင်း ရငွေများ၏ ၂၀ ရာခိုင်နှုန်းထက် မကျော်လွန်စေရ၊
(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့တွင် မည်သို့ပင်ပါရှိစေကာမူ ဗဟိုဘဏ်သည် နိုင်ငံတကာအစိုးရအဖွဲ့ အစည်းတခုခုတွင် နိုင်ငံတော်က အဖွဲ့ ဝင်အဖြစ် ပါဝင်ခြင်း၊ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်မှုများ၊ အပေးအယူပြုလုပ်မှုများကြောင့် ဖြစ်ပေါ်လာသော သို့မဟုတ် အကြောင်းသင့်ဆက်စပ်ဖြစ်ပေါ်လာသော ထည့်ဝင်ကြေးငွေများနှင့် အခြားပေးငွေများအတွက် အစိုးရသို့ သဘောတူထားသည့် စည်းကမ်းချက်များနှင့်အညီ ချေးငွေများ ထပ်မံထုတ်ပေးနိုင်သည်။
(င) ပုဒ်မခွဲ (ခ) တွင် မည်သို့ပင်ပါရှိစေကာမူ ဗဟိုဘဏ်သည် ၃၅၆ ရက် မကျော်လွန်မီ အချိန်စေ့ရောက်မည့် အစိုးရငွေချေးသက်သေခံလက်မှတ်များကို ဝယ်ယူရန်၊ လက်ဝယ်ထားရှိရန် သို့မဟုတ် ရောင်းချရန် သဘောတူနိုင်သည်။

၅၀။ ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့ အစည်းများနှင့် အများပြည်သူတို့ထံမှ အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူရန်နှင့် ယင်းတို့အား ရောင်းချရန် သဘောတူနိုင်သည်။

၅၁။ ပုဒ်မ ၄၉ အရ ဗဟိုဘဏ်က ထုတ်ချေးထားသော ချေးငွေအမျိုးမျိုး၏ လက်ကျန်စုစုပေါင်းနှင့် ပုဒ်မ ၅၀ အရ ဝယ်ယူထားသော ဗဟိုဘဏ်၏ လက်ဝယ်ရှိ ငွေချေးသက်သေခံ လက်မှတ်များ၏ တန်ဖိုးနှစ်ရပ်ပေါင်းသည် နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် စပ်လျဉ်း၍ ညှိနှိုင်းသဘောတူထားသည့် ငွေပမာဏထက် မည်သည့်အခါမှ မကျော်လွန်စေရ။ ကျော်လွန်မည့်အလားအလာရှိသည်ဟု ဗဟိုဘဏ်က ယူဆသည့်အခါ ဗဟိုဘဏ်သည် မိမိ၏ ချေးငွေအမျိုးမျိုး လက်ကျန်စုစုပေါင်းနှင့် လက်ဝယ်ရှိ ငွေချေးသက်သေခံလက်မှတ်များ၏ တန်ဖိုးနှင့် ယင်းသို့ ကန့်သတ်ချက်ကို ကျော်လွန်စေနိုင်သည့် အကြောင်းအချက်များကို သင့်လျော်သော ကုစားမှုပြုရန် အဆိုပြုချက်များနှင့်တကွ အစီရင်ခံစာကို အစိုးရထံသို့ တင်ပြရမည်။ ပုံမှန်အခြေအနေရရှိပြီဟု ယူဆသည့် အချိန်အထိ ဗဟိုဘဏ်သည် အဆိုပြုချက်နှင့် အစီရင်ခံစာများကို တကြိမ်လျှင် ၆ လထက် မကျော်လွန်စေဘဲ ဆက်လက် အစီရင်ခံတင်ပြရမည်။

၅၂။ ဗဟိုဘဏ်သည် လေ့လာသုံးသပ်ရန်လိုအပ်သော ငွေရေးကြေးရေးနှင့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များနှင့် စာရွက်စာတမ်းများရရှိနိုင်ခွင့်ရှိရမည်။ ဗဟိုဘဏ်သည် အစိုးရက တောင်းခံလာ၍ဖြစ်စေ၊ မိမိသဘောအလျောက်ဖြစ်စေ မိမိ၏ လေ့လာသုံးသပ်ချက်များကို အစိုးရထံ တင်ပြအစီရင်ခံရမည်။

၅၃။ ဗဟိုဘဏ်သည် လာမည့်နှစ်အတွင်း အစိုးရသို့ ထုတ်ပေးနိုင်မည့် ချေးငွေကန့်သတ်ချက်ကို သတ်မှတ်ရန်အလို့ငှာ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲရာ၌ အစိုးရအား ကူညီဆောင်ရွက်ရမည်။

၅၄။ ဗဟိုဘဏ်သည် မိမိ၏ အဓိကရည်မှန်းချက်နှင့်အညီ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် အလို့ငှာ လိုအပ်သော မူဝါဒများကို အစိုးရထံ ထောက်ခံတင်ပြနိုင်ရန်နှင့် ငွေကြေးနှင့် ချေးငွေပမာဏများ ပြောင်းလဲတိုးတက်မှုအခြေအနေကို ကြည့်ရှုစိစစ်ရန် ဗဟိုဘဏ်တွင် တာဝန်ရှိစေရမည်။

၅၅။ အစိုးရငွေချေးသက်သေခံလက်မှတ် အက်ဥပဒေအရလည်းကောင်း၊ နှစ်စဉ်ပြဋ္ဌာန်းသည့် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအရလည်းကောင်း၊ ငွေချေးသက်သေခံလက်မှတ် အမျိုးမျိုးထုတ်ရန်နှင့် ပြည်သူ့ ကြွေးမြီစီမံခန့်ခွဲရန် လုပ်ငန်းများကို ဝန်ကြီးဌာနက ဗဟိုဘဏ်သို့ လွှဲအပ်နိုင်သည်။ ယင်းသို့ လွှဲအပ်ရာတွင် ဝန်ကြီးဌာနနှင့် ဗဟိုဘဏ်တို့ သဘောတူညီသည့် စည်းကမ်းချက်များနှင့်အညီ ဖြစ်ရမည်။

၅၆။ ဗဟိုဘဏ်သည် ငွေရေးကြေးရေး အဖွဲ့ အစည်းများနှင့် အများပြည်သူသို့ ရောင်းချမည့် အစိုးရ၏ ကြွေးမြီဆိုင်ရာ စာချုပ်စာတမ်းများနှင့် စပ်လျဉ်း၍ အစိုးရထံ အကြံပေးရမည်။

## အခန်း (၈)
## ငွေရေးကြေးရေး အဖွဲ့ အစည်းများနှင့် ဆက်ဆံရေး

၅၇။ ဗဟိုဘဏ်သည် ငွေရေးကြေးရေး အဖွဲ့ အစည်းများအား လိုင်စင်ထုတ်ပေးခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ကြပ်မပ်ကွပ်ကဲခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရမည်။ ထို့ပြင် ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့ အစည်းများ နှင့်စပ်လျဉ်း၍ ယင်းတို့၏ ကြွေးမြီပေးဆပ်နိုင်မှုနှင့် လုပ်ငန်းခိုင်မာမှုတို့ ပိုမိုကောင်းမွန်စေရန် လိုအပ်သလို ညွှ န်ကြားနိုင်သည်။

၅၈။ ဗဟိုဘဏ်သည် အခါအားလျော်စွာ ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့ အစည်းများအား ယင်းတို့၏ အပ်ငွေများနှင့် အလားတူ ပေးရန် တာဝန်များအတွက် သီးသန့်ငွေများနှင့် သတ်မှတ်ထားသော ငွေဖြစ်လွယ် သည့် ရရန်ပိုင်ခွင့်များကို အောက်ပါအတိုင်း ထားရှိစေနိုင်သည် –

(က) သီးသန့်ငွေများကို ငွေသားဖြင့်ဖြစ်စေ၊ ဗဟိုဘဏ်ရှိ အပ်ငွေများဖြင့်ဖြစ်စေ၊ ယင်းနှစ်ရပ်ပေါင်းဖြင့်ဖြစ်စေ ဗဟိုဘဏ်က အခါအားလျော်စွာ သတ်မှတ်သည့် အချိုးအစားအတိုင်း ထားရှိရမည်။

(ခ) ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်များတွင် ဗဟိုဘဏ်က သတ်မှတ်သည့် အမျိုးအစားနှင့် ပမာဏအလိုက် ပေါင်နှံထားခြင်း သို့မဟုတ် တောင်းခံပိုင်ခွင့်တို့မှ ကင်းရှင်း၍ လွတ်လပ်စွာ လွှဲပြောင်းပေးနိုင်သော ရရန်ပိုင်ခွင့်များ ပါဝင်ရမည်။

၅၉။ ဗဟိုဘဏ်သည် အပ်ငွေအမျိုးမျိုးနှင့် အလားတူပေးရန်တာဝန်များအတွက် ငွေကြေးလွယ်ကူမှုအမျိုးမျိုး နှင့် သီးသန့်ငွေအချိုးများကို သတ်မှတ်နိုင်သည့်အပြင် ယင်းတို့ကို တွက်ချက်သည့်နည်းလမ်းကိုလည်း သတ်မှတ်နိုင်သည်။ သို့ရာတွင် ယင်းလိုအပ်သော အချိုးများနှင့် တွက်ချက်သည့် နည်းလမ်းတို့သည် အမျိုးတူ အဖွဲ့ အစည်းအားလုံးအတွက် တပြေးညီဖြစ်စေရမည်။

၆၀။ ဗဟိုဘဏ်သည် ပုဒ်မ ၅၈ နှင့် ပုဒ်မ ၅၉ တို့အရ သတ်မှတ်ပေးသည့် အချိုးနှင့်အညီလိုအပ်သော သီးသန့်ငွေများ သို့မဟုတ် သတ်မှတ်ချက်အတိုင်းဖြစ်သော ငွေဖြစ်လွယ်သည့် ရရန်ပိုင်ခွင့်များ ထားရှိခြင်းမှ ပျက်ကွက်သည့် ဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့ အစည်းတခုခုထံမှ ယင်း၏ ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့် များ သို့မဟုတ် လိုအပ်သော သီးသန့်ငွေများ ပြည့်မီစေရန် လျော့နည်းသည့် ငွေပမာဏပေါ်တွင် တနေ့လျှင် တရာခိုင်နှုန်း၏ ငါးပုံတပုံထက် မကျော်လွန်သော ဒဏ်ကြေးကို လျော့နည်းငွေများ ပြည့်မီသည့်နေ့အထိ တပ်ရိုက်တောင်းခံရယူနိုင်သည်။

၆၁။ ဗဟိုဘဏ်သည် အမျိုးတူငွေရေးကြေးရေး အဖွဲ့ အစည်းများ သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့ အစည်း အားလုံးတို့နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို သတ်မှတ်နိုင်သည် –

(က) အပ်ငွေအမျိုးအစားတခုခု သို့မဟုတ် အလားတူပေးရန် တာဝန်များအပေါ်တွင် ပေးရမည့် အနည်းဆုံး အတိုးနှုန်းနှင့် တွက်ချက်သည့်နည်းလမ်းများ သတ်မှတ်ခြင်း၊
(ခ) အောက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်မှုများအတွက် ခွင့်ပြုသည့် သုံးစွဲမှုများ၊ အသုံးပြုရမည့် အချိုးများ၊ အများဆုံးစုစုပေါင်း ကန့်သတ်ချက်များ၊ ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့်သာ ကျော်လွန်နိုင်မည့် အများဆုံးငွေပမာဏများ၊ လိုအပ်သော အာမခံမှုများ၊ အများဆုံးအချိန်စေ့ရောက်သည့် သက်တမ်းသတ်မှတ်ချက်များနှင့် တောင်းခံနိုင်သည့် အမြင့်ဆုံးအတိုးနှုန်းများကို သတ်မှတ်ခြင်း၊
(၁) ချေးငွေအနေဖြင့်ဖြစ်စေ၊ စာရင်းပိုထုတ်ငွေအနေဖြင့်ဖြစ်စေ ချေးငွေအမျိုးမျိုးထုတ်ပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးမျိုးပြုလုပ်ခြင်း၊
(၂) ငွေပေးအမိန့်လက်မှတ်များ၊ ငွေပေးကတိစာချုပ်များ သို့မဟုတ် အခြားကုသန်းရောင်းဝယ်ရေး၊ စက်မှုလက်မှု၊ စိုက်ပျိုးရေး သို့မဟုတ် ငွေရေးကြေးရေးဆိုင်ရာ ငွေပေးအမိန့်လက်မှတ်များနှင့် ငွေပေးပတိစာချုပ်များ စသည့် အမျိုးအစားတခုခုကို လျှော့နှုန်းဖြင့် လဲလှယ်ခြင်း၊
(၃) ပေးရန်တာဝန်ကို လက်ခံခြင်းနှင့် အခြားချေးငွေအမျိုးအစားတခုခုကို ထုတ်ပေးခြင်း၊

(ဂ) အသုံးပြုရမည့် အချိုးများကို အောက်ပါအတိုင်းသတ်မှတ်ခြင်း၊

(၁) ယေဘုယျအားဖြင့် ကိုယ်ပိုင်မတည်ငွေရင်း၊ အပ်ငွေ စသည်တို့ဖြစ်သော ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို လက်ခံခြင်းနှင့် အာမခံထုတ်ပေးခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော အခြားပေးရန်တာဝန်တို့ ပါဝင်သော ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်အချိုးများ၊
(၂) အထူးအားဖြင့် ပုဒ်မခွဲငယ် (၁) တွင်ပါရှိသည့် ကိုယ်ပိုင်မတည်ငွေရင်းနှင့် အချို့ သော ခွင့်ပြုလုပ်ငန်းများ၏ ပါဝင်ပေါင်းစပ်မှုနှင့် အချိုးများ၊ ယင်းခွင့်ပြုလုပ်ငန်းများမှာ အစုရှယ်ယာများ၊ သဘောတူစာချုပ်များ၊ သို့မဟုတ် ပြည်သူ့ ကြွေးမြီဆိုင်ရာ ငွေချေးစာချုပ်များနှင့် စပ်လျဉ်း၍ အာမခံခြင်း၊ ကူးသန်းရောင်းဝယ်ရေးအဖွဲ့ အစည်းများမှထုတ်ဝေသော အစုရှယ်ယာများ သို့မဟုတ် ငွေချေးစာချုပ်များ ရယူခြင်းနှင့် တရားဝင်အဖွဲ့ အစည်း သို့မဟုတ် လုပ်ငန်းတခုတည်းသို့ ချေးငွေထုတ်ပေးခြင်း အစရှိသော လုပ်ငန်းများဖြစ်သည်။

(ဃ) ငွေရေးကြေးရေးအဖွဲ့ အစည်းအချင်းချင်း သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့ အစည်းနှင့် အများပြည်သူတို့ ပြုလုပ်သော အပေးအယူပြုလုပ်မှု အမျိုးအစား တခုခုအတွက် အနည်းဆုံးနှင့် အများဆုံးကောက်ခံရမည့် ကော်မရှင်များ၊ ဝန်ဆောင်ခများနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊
(င) ဘဏ်များက ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်းအတွက် အနည်းဆုံး ကောက်ခံရမည့် ငွေသားရာခိုင်နှုန်းသတ်မှတ်ခြင်း။

၆၂။ ပုဒ်မ ၆၁ အရ ဗဟိုဘဏ်၏ အရေးယူဆောင်ရွက်မှုတခုခုသည် အမျိုးတူငွေရေးကြေးရေးအဖွဲ့ အစည်းအားလုံးကို ခွဲခြားခြင်းမပြုဘဲ တပြေးညီဖြစ်စေရမည်။ ထို့ပြင် ပုဒ်မ ၆၁ အရ အရေးယူဆောင်ရွက်မှုသည် နောက်ကြောင်းပြန် အကျိုးသက်ရောက်ခြင်း မရှိစေရ။

၆၃။ ဗဟိုဘဏ်သည် ပုဂ္ဂိုလ်တဦး၏ လုပ်ငန်းဆောင်ရွက်မှုတွင် အများပြည်သူထံမှ အပ်ငွေများ လက်ခံခြင်း သို့မဟုတ် ချေးငွေများထုတ်ပေးခြင်း လုပ်ငန်းပမာဏ များစွာပါဝင်နေသည်ဟု ယူဆလျှင် အစိုးရ၏ခွင့်ပြုချက်ဖြင့် ထိုသူအား ပုဒ်မ ၆၁ ပါ မည်သည့်သတ်မှတ်ချက်ကိုမဆို လိုက်နာရန် စာဖြင့်အကြောင်းကြားနိုင်သည်။

၆၄။ ဗဟိုဘဏ်သည် ပုဒ်မ ၆၃ ပါ အခြေအနေများ ပေါ်ပေါက်လာခြင်းကြောင့် ပုဒ်မ ၆၁ ပါ ပြဋ္ဌာန်းချက်အရ အရေးယူရန်လိုအပ်သည်ဟု ယူဆလျှင်သော်လည်းကောင်း၊ ပုဂ္ဂိုလ်တဦးဦးသည် ချေးငွေများကို ထုတ်ပေးခဲ့ကြောင်း သို့မဟုတ် ထုတ်ပေးလျက်ရှိကြောင်း သို့မဟုတ် အပ်ငွေများကို လက်ခံခဲ့ကြောင်း သို့မဟုတ် လက်ခံလျက်ရှိကြောင်း သို့မဟုတ် အပ်ငွေများကို လက်ခံခဲ့ကြောင်း သို့မဟုတ် လက်ခံလျက်ရှိကြောင်း ယုံကြည်လောက်သော အကြောင်းအချက်ရှိလျှင်သော်လည်းကောင်း အဆိုပါ ပုဂ္ဂိုလ်၏ စာရင်းများ၊ စာအုပ်များနှင့် မှတ်တမ်းများကို တောင်းယူ၍ စစ်ဆေးနိုင်သည်။

၆၅။ ဗဟိုဘဏ်၏ အကြောင်းကြားစာပါ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်သော မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့ အစည်းမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့ အစည်းများနှင့် စပ်လျဉ်းသည့် အခြားဥပဒေများအရလည်းကောင်း ဒဏ်ကြေးတပ်ရိုက်ခြင်း ခံရမည်။

၆၆။ ဘဏ်တခုအတွက် လိုအပ်သော သီးသန့်ငွေများသည် ယင်း၏ စုစုပေါင်းပေးရန် တာဝန်များ၏ ၃၅ ရာခိုင်နှုန်းထက် မပိုစေရ။ သို့ရာတွင် ဗဟိုဘဏ်သည် ငွေကြေးဖောင်းပွမှုမြင့်မားနေသည်ဟုယူဆလျှင် လိုအပ်သော သီးသန့်ငွေအများဆုံးထားရှိရမည့် ၃၅ ရာခိုင်နှုန်း ကန့်သတ်ချက်ကို တိုးမြှင့်နိုင်သည်။ ဤသို့သော ကိစ္စရပ်၌ ၃၅ ရာခိုင်နှုန်း ကန့်သတ်ချက်ထက် ကျော်လွန်သည့် လိုအပ်သော သီးသန့်ငွေများအပေါ်တွင် ဗဟိုဘဏ်က အတိုးပေးရမည်။ သို့ရာတွင် ယင်းအတိုးနှုန်းသည် ဗဟိုဘဏ်၏ အနည်းဆုံးလျှော့နှုန်းထက် မပိုစေရ။

၆၇။ အနည်းဆုံးထားရှိရမည့် သီးသန့်ငွေလိုအပ်ချက်များ၏ ပြောင်းလဲမှုများသည် အဖွဲ့ က သတ်မှတ်သည့်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်။ သို့ရာတွင် ယင်းသတ်မှတ်နေ့ရက်သည် ဗဟိုဘဏ်က ကြေညာချက်ထုတ်ပြန်သည်မှ ၁၄ ရက်ထက် မစောသော ရက်ဖြစ်ရမည်။

၆၈။ (က) ငွေရေးကြေးရေး အဖွဲ့ အစည်းများသည် ဗဟိုဘဏ်က ယင်း၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်ရန်အလို့ငှာ လိုအပ်မည့် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ကာလအတိုင်း အခြားအလိုက် တောင်းဆိုသည့်အတိုင်း ပေးပို့ရမည်။
(ခ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) အရ ပေးပို့ရရှိထားသော အချက်အလက်အားလုံးကိုသော်လည်းကောင်း၊ တစိတ်တဒေသကိုသော်လည်းကောင်း မိမိက သင့်လျော်သည်ဟု ယူဆသည့် ကာလအပိုင်းအခြားများတွင် တပေါင်းတစည်းတည်း ထုတ်ပြန်ကြေညာနိုင်သည်။ သို့ရာတွင် အများပြည်သူနှင့် မသက်ဆိုင်သော ပုဂ္ဂိုလ်တဦးဦးနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကိုမူ ထုတ်ဖော်ကြေညာခြင်းမပြုရ။

၆၉။ ဗဟိုဘဏ်သည် ငွေရေးကြေးရေး အဖွဲ့ အစည်းများအတွက် အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ စာရင်းများ ဖွင့်လှစ်၍ အပ်ငွေများ လက်ခံနိုင်သည်။

၇၀။ ဗဟိုဘဏ်သည် အဖွဲ့ မှ အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ ပုဒ်မ ၆၉ အရ စာရင်းဖွင့်လှစ်အပ်နှံသော စာရင်းပိုင်ရှင်များထံမှ အောက်ပါတို့ကို ဝယ်ယူခြင်း၊ ယင်းတို့အား ရောင်းချခြင်းနှင့် ယင်းတို့အတွက် လျှော့နှုန်းဖြင့် လဲလှယ်ခြင်းနှင့် တဆင့်လျှော့နှုန်းဖြင့် လဲလှယ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည် –
(က) အနည်းဆုံး ဘဏ်တခုက ပါဝင်လက်မှတ်ရေးထိုးထားသော နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပို၍ ထပ်ဆင့်လက်မှတ်ရေးထိုးထားပြီး ဗဟိုဘဏ်က လက်ခံရရှိသည့် ရက်မှ ၁၈၄ ရက်အတွင်း အချိန်စေ့ရောက်မည့် ကုန်သွယ်ရောင်းဝယ်ရေး၊ စက်မှုလက်မှု သို့မဟုတ် စိုက်ပျိုးရေးဆိုင်ရာ ကိစ္စများအတွက်ဖြစ်သော ငွေပေးအမိန့်လက်မှတ်များနှင့် ငွေပေးကတိစာချုပ်များ၊
(ခ) အများပြည်သူသို့ ထုတ်ဝေရောင်းချထားသော ငွေတိုက်လက်မှတ်များ သို့မဟုတ် အစိုးရက ထုတ်ဝေသည့် သို့မဟုတ် အာမခံသည့် အခြားငွေချေးသက်သေခံလက်မှတ်များ၊
(ဂ) ဗဟိုဘဏ်က ထုတ်ပေးထားသော ငွေရေးကြေးရေးဆိုင်ရာ စာချုပ်စာတမ်းများ။

၇၁။ ဗဟိုဘဏ်သည် မိမိထံတွင် စာရင်းဖွင့်ထားသူများအား အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ အချိန်ကာလအားဖြင့် ၉၂ ရက်ထက် မပိုသော ချေးငွေများကို အောက်ပါအတိုင်း ထုတ်ပေးနိုင်သည် –
(က) အောက်ပါတို့ကို အာမခံအဖြစ်ရယူ၍ ထုတ်ချေးခြင်း၊

(၁) ပုဒ်မ ၇၀ ပုဒ်မခွဲ (က)၊ (ခ) သို့မဟုတ် (ဂ) တို့တွင် ဖော်ပြထားသော စာချုပ်စာတမ်းများ
(၂) အာမခံထားရှိပြီးဖြစ်သော ကုန်ပစ္စည်းများအတွက် ထုတ်ပေးထားသော ကုန်သိုလှောင်ရုံပြေစာများနှင့် အခြား ပိုင်ဆိုင်မှုကို ဖော်ပြသည့်စာရွက်စာတမ်းများ၊
(၃) ဤဥပဒေအရ ဗဟိုဘဏ်က ဝယ်ယူခြင်း၊ ရောင်းချခြင်း သို့မဟုတ် ရောင်းဝယ်ဖောက်ကားခြင်းတို့ ပြုလုပ်ခွင့်ရှိသော လက်ဝယ်ရှိ ရရန်ပိုင်ခွင့်တမျိုးမျိုး၊

(ခ) အများပြည်သူအကျိုးကို သယ်ပိုးဆောင်ရွက်ရန်နှင့် ငွေချေးသူ၏ ငွေကြေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အလို့ငှာ အထူးကိစ္စရပ်များတွင် ချေးငွေထုတ်ပေးရန် လိုအပ်သည်ဟု ယူဆသည့်အခါ သတ်မှတ်ပေးရမည့် အထူးစည်းကမ်းချက်များနှင့်အညီ အဆိုပါ အခြားရရန်ပိုင်ခွင့်များကို အာမခံအဖြစ် ရယူ၍သော်လည်းကောင်း၊ အာမခံရယူခြင်း မပြုဘဲသောလည်းကောင်း ထုတ်ချေးခြင်း။

၇၂။ ဗဟိုဘဏ်သည် နိုင်ငံတော်အတွင်း ဖွဲ့စည်းတည်ထောင်ထားသည့် ငွေရေးကြေးရေး အဖွဲ့ အစည်းများ၏ ရုံးချုပ်များနှင့် နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားငွေရေးကြေးရေး အဖွဲ့ အစည်းများ၏ ပင်မရုံးခွဲကိုသာ ငွေထုတ်ချေးရမည်။

၇၃။ ဗဟိုဘဏ်သည် မိမိ၏လျှော့နှုန်းများ၊ တဆင့်လျှော့နှုန်းများ၊ တဆင့်လျှော့နှုန်းများနှင့် ချေးငွေအပေါ် အတိုးနှုန်းများကို အခါအားလျော်စွာ သတ်မှတ်ကြေညာရမည်။ ထို့ပြင် အပေးအယူပြုလုပ်မှုအမျိုးမျိုး သို့မဟုတ် အချိန်စေ့ရောက်မှုများ သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့ အစည်း တမျိုးမျိုးအတွက် ခြားနားနှုန်းများနှင့် အမြင့်ဆုံးကန့်သတ်ချက်များကို သတ်မှတ်နိုင်သည်။

၇၄။ ဗဟိုဘဏ်သည် ချက်လက်မှတ်များနှင့် ငွေပေးချေမှုအဖြစ် အသုံးပြုသည့် အခြားစာချုပ်စာတမ်းများကို စာရင်းရှင်းလင်းပေးရန် ငွေရေးကြေးရေးအဖွဲ့ အစည်းများနှင့် ပူးပေါင်း၍ အစီအစဉ်များ ပြုလုပ်ပေးနိုင်သည်။

## အခန်း (၉)
## နိုင်ငံခြားသုံးငွေနှင့် နိုင်ငံခြားသုံး သီးသန့်ငွေ စီမံခန့်ခွဲမှု

၇၅။ ဗဟိုဘဏ်သည် အစိုးရ၏ ခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ငန်းများကို တာဝန်ယူရမည် –
(က) နိုင်ငံတော်အတွင်း ပြုလုပ်သည့် ရွှေနှင့် နိုင်ငံခြားသုံးငွေ အပေးအယူပြုလုပ်မှုဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊ စည်းမျဉ်းများကို သတ်မှတ်ခြင်း၊
(ခ) နိုင်ငံခြားသုံးငွေ အပေးအယူပြုလုပ်မှုများပြုမည့် နိုင်ငံခြားငွေလဲလှယ်နှုန်းများကို သတ်မှတ်ပေးခြင်း၊
(ဂ) မိမိ၏ ငွေလဲလှယ်နှုန်းများကို နေ့စဉ်ထုတ်ပြန်ကြေညာခြင်း။

၇၆။ ဗဟိုဘဏ်သည် အခါအားလျော်စွာ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီအောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်နိုင်သည် –
(က) ရွှေ သို့မဟုတ် အခြားအဖိုးတန်သတ္တုများကို ဝယ်ယူခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်း၊
(ခ) နိုင်ငံခြားသုံးငွေ အပေးအယူပြုလုပ်မှုများတွင် အများအသုံးပြုသော မည်သည့်စာချုပ်စာတမ်းများဖြင့်မဆို အသုံးပြု၍ နိုင်ငံခြားငွေကြေးများကို ဝယ်ယူခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်းနှင့် ရောင်းဝယ်ဖောက်ကား ခြင်း၊
(ဂ) နိုင်ငံခြားအစိုးရများ သို့မဟုတ် နိုင်ငံတကာအစိုးရ ငွေရေးကြေးရေး အဖွဲ့ အစည်းများက ထုတ်ဝေသည့် သို့မဟုတ် အာမခံသည့် ငွေတိုက်လက်မှတ်များနှင့် အခြားငွေချေးသက်သေခံလက်မှတ်များကို ဝယ်ယူခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်း၊

(ဃ) ပြည်ပရှိ နိုင်ငံတကာအစိုးရ ငွေရေးကြေးရေးအဖွဲ့ အစည်းများ၊ ဗဟိုဘဏ်များ၊ ငွေကြေးအာဏာပိုင်များနှင့် ငွေရေးကြေးရေးအဖွဲ့ အစည်းများတွင် ငွေစာရင်းများကို ဖွင့်လှစ်ထိန်းသိမ်းထားရှိခြင်း၊
(င) ပြည်ပရှိ နိုင်ငံတကာအစိုးရ ငွေရေးကြေးရေးအဖွဲ့ အစည်းများ၊ ဗဟိုဘဏ်များ၊ ငွေကြေးအာဏာပိုင်များနှင့် ငွေရေးကြေးရေး အဖွဲ့ အစည်းများ၊ နိုင်ငံခြားအစိုးရများနှင့် ယင်းတို့အား ကိုယ်စားပြုသူများအတွက် ကိုယ်စားလှယ်အဖြစ် သို့မဟုတ် ဆက်သွယ်သူအဖြစ် ဆောင်ရွက်ခြင်းနှင့် ငွေစာရင်းများကို ဖွင့်လှစ်ထိန်းသိမ်းပေးခြင်း၊
(စ) အစိုးရ၏ ခွင့်ပြုချက်ဖြင့် ဗဟိုဘဏ်က သင့်လျော်သည်ဟု ယူဆသော စည်းကမ်းချက်များနှင့်အညီ မည်သည့် နိုင်ငံခြားငွေကြေးဖြင့်မဆို ငွေချေးယူခြင်းနှင့် အဆိုပါ ချေးငွေများအတွက် အာမခံပေးခြင်း။

၇၇။ ဗဟိုဘဏ်သည် အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတကာ အစိုးရငွေရေးကြေးရေး အဖွဲ့ အစည်းများနှင့် ငွေရေးကြေးရေး အဖွဲ့ အစည်းများ၏ အပြည်ပြည်ဆိုင်ရာ အသင်းအဖွဲ့ များ၏ အစုရှယ်ယာများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များကို ဝယ်ယူခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် ရောင်းချခြင်းပြုနိုင်သည်။

၇၈။ (က) ရွှေ၊ အထူးထုတ်ယူခွင့်များ၊ အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု ငွေစာရင်းယူနစ်များ သို့မဟုတ် ကျပ်ငွေဖြင့် တန်ဖိုးသင့်ထားသော နိုင်ငံခြားငွေကြေးတို့၏ တန်ဖိုးများ သို့မဟုတ် ငွေလဲလှယ်နှုန်းများတွင် တစုံတရာ ပြောင်းလဲမှုကြောင့် ဗဟိုဘဏ်၏ ရွှေ၊ အထူးထုတ်ယူခွင့်များ သို့မဟုတ် နိုင်ငံခြားငွေကြေးများဖြင့် ဖြစ်စေ၊ ယင်းတို့ဖြင့် တန်ဖိုးသတ်မှတ်၍ဖြစ်စေ ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များကို တန်ဖိုးသတ်မှတ်ခြင်းကြောင့် ပြောင်းလဲဖြစ်ပေါ်လာသော ဗဟိုဘဏ်၏ မည်သည့်နှစ်မှ အသားတင်အမြတ်ကို မဆို အထူးသီးသန့်ငွေစာရင်းတခုသို့ မြီရှင်စာရင်း ရေးသွင်းရမည်။
(ခ) ပုဒ်မခွဲ (က) ပါ ပြောင်းလဲမှုတခုခုကြောင့် ဖြစ်ပေါ်လာသော ဗဟိုဘဏ်၏ မည်သည့်နှစ်မှ မည်သည့် အသားတင်အရှုံးကို မဆို အထူးသီးသန့်ငွေစာရင်းရှိ မြီရှင်လက်ကျန်မှ ခုနှိမ်ရမည်။ အကယ်၍ ယင်းလက်ကျန်သည် အဆိုပါ အသားတင်အရှုံးကို ကာမိရန် လုံလောက်ခြင်းမရှိပါက မြီစားလက်ကျန်ဖြစ်ပေါ်ခြင်းကို ရှောင်ရှားရန်အလို့ငှာ အစိုးရသည် လုံးလောက်သည့် အစိုးရငွေချေးသက်သေခံလက်မှတ်များကို ဗဟိုဘဏ်သို့ ထုတ်ပေးရမည်။
(ဂ) ပုဒ်မခွဲ (က) တွင် ရည်ညွှန်းသော အသားတင်အမြတ်သည်လည်းကောင်း၊ ပုဒ်မခွဲ (ခ)တွင် ရည်ညွှန်းသော အသားတင်အရှုံးသည်လည်းကောင်း ဗဟိုဘဏ်၏ နှစ်စဉ် အသားတင်အမြတ်ငွေတွက်ချက်ရာတွင် မပါဝင်စေရ။
(ဃ) နှစ်စဉ် နှစ်ကုန်ဆုံးချိန်တိုင်း ဗဟိုဘဏ်၏ အထူးသီးသန့်ငွေစာရင်းရှိ မြီလက်ကျန်ကို ပိတ်ပင်ထားသော အစိုးရ ငွေစာရင်းတခုသို့ ပေးသွင်းရမည်။ ယင်းမြီရှင်လက်ကျန်အပေါ်တွင် အစိုးရဗဟိုဘဏ်ချေးငွေအတွက်ပေးသည့် အတိုးနှုန်းအတိုင်း အတိုးရရှိစေရမည်။ ငွေရင်းကို ပုဒ်မခွဲ (ခ)အရ ထုတ်ပေးထားသော အစိုးရ ငွေချေးသက်သေခံလက်မှတ်များအား ပြေကျေစေရန် အတွက်သာ အသုံးပြုနိုင်သည်။
(င) အပုဒ်မပါ ပြဋ္ဌာန်းချက်များမှလွဲ၍ အထူးသီးသန့်ငွေစာရင်းသို့ မြီရှင် သို့မဟုတ် မြီစားစာရင်း ရေးသွင်းခြင်းများ မပြုလုပ်ရ။

၇၉။ ဗဟိုဘဏ်သည် မိမိကိုယ်ပိုင်အမည်ဖြင့်ဖြစ်စေ၊ အစိုးရကိုယ်စားဖြစ်စေ၊ အစိုးရအတွက်နှင့် အစိုးရ၏ အမိန့်အရဖြစ်စေ ပြည်ပတွင် တည်ထောင်ထားသည့် အများပိုင်နှင့် ပုဂ္ဂလိကပိုင်မျိုးတူ ငွေရေးကြေးရေးအဖွဲ့ အစည်းများနှင့် ငွေစာရင်းရှင်းလင်းခြင်းနှင့် ငွေပေးချေမှု သဘောတူညီချက်များကိုသော်လည်းကောင်း၊ တူညီသော ရည်ရွယ်ချက်ဖြင့် အခြားသဘောတူစာချုပ်များကိုသော်လည်းကောင်း ချုပ်ဆိုနိုင်သည်။

၈၀။ ဗဟိုဘဏ်သည် အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ သက်ဆိုင်ရာ ရရန်ပိုင်ခွင့်များနှင့် ဆက်နွယ်နေသော ငွေဖြစ်လွယ်မှုနှင့် ဆုံးရှုံးနိုင်မှုတို့ကို ထိုက်သင့်သလို ထည့်သွင်းစဉ်းစား၍ အောက်ပါတို့အနက် အချို့ အဝက်သော်လည်းကောင်း၊ အားလုံးသော်လည်းကောင်း ပါဝင်သည့် နိုင်ငံခြားသုံး သီးသန့်ငွေကို သီးသန့်ငွေကို တည်ထောင်ထားရှိရန်နှင့် ထိန်းသိမ်းရန် တာဝန်ယူရမည် –
(က) ရွှေ
(ခ) နိုင်ငံခြားသုံးငွေ၊

(ဂ) ဤပုဒ်မပါ ကိစ္စရပ်များအတွက် ဗဟိုဘဏ်က သဘောတူ လက်ခံနိုင်သည့် နိုင်ငံခြားငွေကြေးအမျိုးအစားနှင့် သဘောတူလက်ခံနိုင်သည့် ဒေသများတွင် ပေးချေရမည့် ငွေပေးအမိန့်လက်မှတ်များနှင့် ငွေပေးကတိစာချုပ်များ၊

(ဃ) အောက်ပါတို့အပါအဝင်ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု သီးသန့်ငွေ ရရန်ပိုင်ခွင့် –

(၁) အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ မှ သီးသန့်ငွေ ထရန့် (Reserve Tranche) သုံးစွဲနိုင်သည့် အခွင့်အလမ်း၊

(၂) အထူးထုတ်ယူခွင့်များ ပိုင်ဆိုင်မှု။

၈၁။ (က) ဗဟိုဘဏ်သည် ပုဒ်မ ၈၀ အရ တည်ထောင်ထားရှိသည့် နိုင်ငံခြားသုံး သီးသန့်ငွေကို နိုင်ငံတော်၏ အပြည်ပြည်ဆိုင်ရာ အပေးအယူပြုလုပ်မှုများ အတွက် လုံလောက်သည်ဟု ဗဟိုဘဏ်က ယူဆသည့် ပမာဏနှင့်အညီ ထိန်းသိမ်းထားရှိနိုင်ရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရမည်။

(ခ) နိုင်ငံခြားသုံး သီးသန့်ငွေ ကျဆင်းလာလျှင်သော်လည်းကောင်း၊ နိုင်ငံတော်၏ အပြည်ပြည်ဆိုင်ရာ အပေးအယူပြုလုပ်မှုများအတွက် ယင်းနိုင်ငံခြားသုံး သီးသန့်ငွေ၏ လုံလောက်မှုမှာ စိတ်မချရသည့် အတိုင်းအတာအထိ ကျဆင်းမည့် အန္တရာယ်ရှိသည်ဟု ဗဟိုဘဏ်က ယူဆလျှင်သော်လည်းကောင်း ဗဟိုဘဏ်သည် နိုင်ငံခြားသုံးသီးသန့်ငွေအခြေအနေနှင့် အဆိုပါ ကျဆင်းမှုကို ဖြစ်စေသော သို့မဟုတ် ဖြစ်စေနိုင်သော အကြောင်းအချက်အလက်များ၊ ယင်းအခြေအနေကို ကုစားမှုပြုနိုင်ရန် ဗဟိုဘဏ်က သင့်လျော်သည်ဟု ယူဆသော အဆိုပြုချက်များ ပါရှိသည့် အစီရင်ခံစာကို အစိုးရထံ တင်ပြရမည်။

(ဂ) ပုံမှန်အခြေအနေရရှိပြီဟု ယူဆသည့် အချိန်အထိ ဗဟိုဘဏ်သည် အဆိုပြုချက်နှင့် အစီရင်ခံစာကို တကြိမ်လျှင် သုံးလထက် မကျော်လွန်စေဘဲ ဆက်လက်အစီရင်ခံတင်ပြရမည်။

၈၂။ ဗဟိုဘဏ်သည် နိုင်ငံတော်က အခါအားလျော်စွာ တင်ရှိလာနိုင်မည့် ပြည်ပကြွေးမြီများနှင့် စပ်လျဉ်း၍ မည်သို့ဆောင်ရွက်သင့်ကြောင်းကို စည်းကမ်းချက်များ၊ အခြားအချက်အလက်များနှင့်တကွ အစိုးရထံ အကြံပြုတင်ပြနိုင်သည်။ ထိုသို့ တင်ပြနိုင်ရန် ဗဟိုဘဏ်သည် နိုင်ငံတော်က ချေးယူထားသော သို့မဟုတ် အာမခံထားသော နိုင်ငံခြားကြွေးမြီအားလုံး၏ နောက်ဆုံးလက်ကျန်စာရင်းများကို ဝန်ကြီးဌာနမှ တောင်းခံရယူနိုင်သည်။

၈၃။ ဗဟိုဘဏ်သည် အစိုးရကိုယ်စားလှယ်အဖြစ် နိုင်ငံခြားသုံးငွေလဲလှယ်မှု ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာ ဥပဒေများအား ကိုင်တွယ်ကျင့်သုံးရမည်။ ယင်းသို့ ကိုင်တွယ်ကျင့်သုံးရာတွင် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည် –

(က) နိုင်ငံခြားငွေကြေးများ ရောင်းဝယ်ဖောက်ကားသည့် ပုဂ္ဂိုလ်များအား လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင်ရုပ်သိမ်းခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ကြပ်မတ်ကွပ်ကဲခြင်း၊

(ခ) နိုင်ငံခြားသုံးငွေ လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူများလက်ဝယ်တွင် ထားရှိနိုင်သည့် နိုင်ငံခြားသုံးငွေ ရရန်ပိုင်ခွင့်များ၏ ပမာဏကို ကန့်သတ်ပေးခြင်း၊

(ဂ) နိုင်ငံခြားသုံးငွေ လုပ်ငန်းလုပ်ကိုင်သည့် ပုဂ္ဂိုလ်များ၏ ငွေကြေးတမျိုးချင်းအနေဖြင့်သော်လည်းကောင်း၊ အားလုံးစုပေါင်း၍ သော်လည်းကောင်း အသားတင် နိုင်ငံခြားသုံးငွေ ရရန်ပိုင်ခွင့်ပမာဏနှင့် အဆိုပါ ပုဂ္ဂိုလ်များ၏ ပြည်ပကြွေးမြီတင်ရှိမှု ပမာဏတို့ကို ကန့်သတ်ပေးခြင်းနှင့် လိုအပ်သော စည်းကမ်းချက်များကို သတ်မှတ်ပေးခြင်း။

## အခန်း (၁၀)
## တားမြစ်ချက်များ

၈၄။ မည်သူမျှ ဗဟိုဘဏ်၏ ခွင့်ပြုချက်မရှိဘဲ မမှန်ကန်သော ရည်ရွယ်ချက်ဖြင့် အောက်ပါတို့ကို မပြုရ –

(က) ငွေစက္ကူ သို့မဟုတ် ဒင်္ဂါးတခုခုကို ဖြတ်တောက်ခြင်း၊ ဆုတ်ဖြဲခြင်း သို့မဟုတ် အခြားတနည်းနည်းဖြင့် ပုံပျက်ယွင်းအောင် ပြုလုပ်ခြင်း၊
(ခ) ငွေစက္ကူတခုခုကို အလွန်အကျွံ အသွင်သဏ္ဌာန်ပျက်ယွင်းစေခြင်း။

၈၅။ ဗဟိုဘဏ်၏ အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်သည် မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာမှ သိရှိလာသည့် ပုဂ္ဂိုလ်တဦးဦး၏ အပေးအယူပြုလုပ်မှုများ၊ မည်သူမည်ဝါဖြစ်ကြောင်း၊ ဝင်ငွေပမာဏ သို့မဟုတ် ဝင်ငွေရလမ်း၊ အမြတ်များ၊ အရှုံးများ သို့မဟုတ် အသုံးစရိတ်များနှင့် ဆက်စပ်သည့် သတင်းအချက်အလက်များကို ဥပဒေအရ ခွင့်ပြုချက်မရှိဘဲ ထုတ်ဖော်ပြောဆိုခြင်း၊ ကြည့်ရှုစေခြင်း၊ စစ်ဆေးစေခြင်း သို့မဟုတ် ကြေညာခြင်းမပြုရ။

၈၆။ မည်သူမျှ ငွေစက္ကူများ၊ ဒင်္ဂါးများ သို့မဟုတ် ဗဟိုဘဏ်က ထုတ်ဝေသော တောင်းဆိုသည့်အခါ ကိုင်ဆောင်သူသို့ ပေးချေရမည်ဖြစ်သော စာချုပ်စာတမ်းတမျိုးမျိုးကို ထုတ်ဝေခြင်း သို့မဟုတ် အတုပြုလုပ်ခြင်း သို့မဟုတ် အတုပြုလုပ်ခြင်း သို့မဟုတ် အတုကို ပြည်ပမှ တင်သွင်းလာခြင်းမပြုရ။

## အခန်း (၁၁)
## ပြစ်မှုနှင့် ပြစ်ဒဏ်

၈၇။ မည်သူမဆို ပုဒ်မ ၈၄ ပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၅၀၀၀ အထိ ချမှတ်ရမည်။

၈၈။ ဗဟိုဘဏ်အဖွဲ့ဝင်၊ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်သည် ပုဒ်မ ၈၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၉။ မည်သူမဆို ပုဒ်မ ၈၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် ၅ နှစ်မှ အများဆုံး ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်ရမည်။ ထို့ပြင် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၉၀။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတခုခု ကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ချမှတ်ခြင်းကို ခံရမည်။

## အခန်း (၁၂)
## အထွေထွေ

၉၁။ တည်ဆဲဥပဒေများတွင် မည်သို့ပါရှိစေကာမူ ဝန်ကြီးဌာနသည် အစိုးရ၏ ခွင့်ပြုချက်ဖြင့် ဗဟိုဘဏ်အား ငွေရေးကြေးရေးကဏ္ဍနှင့် သက်ဆိုင်သော လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုနိုင်သည်။

၉၂။ ဤဥပဒေပါ ပြစ်မှုများကို ပြည်သူ့ ရဲတပ်ဖွဲ့ က အရေးယူပိုင်သော ပြစ်များအဖြစ်သတ်မှတ်သည်။

၉၃။ ပုဒ်မ ၈၇ သို့မဟုတ် ပုဒ်မ ၈၈ အရ တရားစွဲဆိုရာတွင် ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

၉၄။ တည်ဆဲဥပဒေတရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဗဟိုဘဏ်သို့ ပေးရန်ရှိသည့် ကြွေးမြီများကို နိုင်ငံတော်က ရရန်ပိုင်ခွင့်များမှတပါး အခြားရရန် ပိုင်ခွင့်အားလုံး ထက် ဦးစားပေးရမည်။

၉၅။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဗဟိုဘဏ်နှင့် မသက်ဆိုင်စေရ။

၉၆။ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အပိုဒ် ၁၄၉ သည် ဗဟိုဘဏ်က တရားစွဲဆိုသည့် အမှုအားလုံးနှင့် သက်ဆိုင်စေရမည်။

၉၇။ ဗဟိုဘဏ်သည် ဘဏ်ဥပဒေ (၁၉၇၅ ခုနှစ်၊ ပြည်သူ့ လွှတ်တော် ဥပဒေအမှတ် ၉) အရ တည်ထောင်ထားသော မြန်မာနိုင်ငံတော် ဗဟိုဘဏ်ပိုင် ရွှေ့ ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့ မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲ လုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း အသီးသီးဆက်ခံရမည်။

၉၈။ ဘဏ်ဥပဒေ (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၉) အရ တည်ထောင်ထားသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြုလုပ်ခဲ့သည့် သို့မဟုတ် ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်များသည် ဤဥပဒေအရ ဆက်ခံသည့် ဗဟိုဘဏ်က ချုပ်ဆိုသည့် သဘောတူစာချုပ်များဖြစ်သည်ဟု မှတ်ယူရမည်။

၉၉။ ဘဏ်ဥပဒေ (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၉) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ယင်းဥပဒေကို ရုပ်သိမ်းလိုက်သော်လည်း ယင်းဥပဒေအရ တည်ထောင်ထားရှိသည့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့သည် ဤဥပဒေအရ ဆက်ခံမည့် ဒါရိုက်တာအဖွဲ့ အား တာဝန်ဝတ္တရားများ လွှဲအပ်ပေးသည့်နေ့အထိ လုပ်ငန်းများကို ဆောင်ရွက်ခွင့် ရှိစေရမည်။

၁၀၀။ ဗဟိုဘဏ်သည် ကူးပြောင်းဆဲကာလအတွင်း ဤဥပဒေအရ အပ်နှင်းသော လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို စတင်အကောင်အထည် မဖော်နိုင်သည့် ကိစ္စများနှင့် စပ်လျဉ်း၍ ဘဏ်ဥပဒေ (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၉) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ယင်းကူးပြောင်းဆဲကာလသည် ဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

၁၀၁။ ရုပ်သိမ်းလိုက်သည့် ဘဏ်ဥပဒေ (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၉) အရဖြစ်စေ၊ အခြားလိုက်ပိုင်ခွင့်တခုခုအရဖြစ်စေ ပြဋ္ဌာန်းသည့် နည်းဥပဒေများ၊ ထုတ်ပြန်သည့် စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ သို့မဟုတ် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း မပြုသေးသမျှ ဆက်လက် အကျိုးသက်ရောက်စေရမည့်အပြင် ဤဥပဒေနှင့်အညီ ပြဋ္ဌာန်းသည် နည်းဥပဒေများ၊ ထုတ်ပြန်သည့် စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ သို့မဟုတ် ညွှန်ကြားချက်များဖြစ်သည်ဟူ၍ မှတ်ယူရမည်။

၁၀၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် –

(က) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့ ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဗဟိုဘဏ်သည် စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။